**ကမ္ဘာ့ဘဏ်အုပ်စု မြန်မာနိုင်ငံဆိုင်ရာ စနစ်တကျ ဆန်းစစ်လေ့လာမှုနှင့်**

**မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်**

**ပထမအကြိမ် အကြံပြုဆွေးနွေးပွဲ မေလ ၁၉ ရက်၊ ၂၀၁၄**

**မန္တလေး အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ**

| **အမျိုးအစား** | **တက်ရောက်လာကြသူများထံမှ အကြံပြုချက်များ** | **မှတ်ချက်** |
|---|---|---|
| အကြောင်းအရာ | ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည်။ ကျွန်ုပ်တစ်ဦးတည်းအမြင်မှာ စိုက်ပျိုး ရေးနှင့် ဈေးကွက်ရရှိရေးသည် ထိပ်တန်းဦးစားပေး ဖြစ်သည်။ သို့ရာတွင် အုပ်စုတစ်ခု အနေနှင့်မူ ကျန်းမာရေးနှင့် ပညာရေးကို ထိပ်တန်းဦးစားပေး အရာများအဖြစ် ကျွန်ုပ်တို့ သဘောတူခဲ့သည်။ ကျန်းမာရေးနှင့် ဆင်းရဲနွမ်းပါးမှု သံသရာလည်နေသည့်အတွက် ယင်းတို့ကို ထိပ်တန်းဦးစားပေးအဖြစ် သဘောတူခဲ့ခြင်းဖြစ်သည်။ ပညာရေးနှင့် ပတ်သက်လျှင် သမရိုးကျ ပညာရေးသည် လုံလောက်မှုမရှိကြောင်း မိမိတို့ ဆွေးနွေးခဲ့ သည်။ မြန်မာလူထုသည် ဘဝအရည်အသွေးများနှင့် အခြားဗဟုသုတများလည်း လိုအပ် သည်။ အကောင်းဘက်မှ အမြင်သဘောထားများ ဖြစ်ပေါ်ရန်လည်း အရေးကြီးသည်။ | |
| | ကဏ္ဍအားလုံးတွင် အရေးကြီးသော်လည်း ပညာရေးသည် အခွင့်အလမ်းများကို ဖြစ်ထွန်းစေသည့်အတွက် ပညာရေးကို ထိပ်တန်းဦးစားပေးအဖြစ် မိမိတို့သဘော တူခဲ့သည်။ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး အရေးကြီးမှုနှင့် ပညာရေး အထူးလိုအပ်ချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။<br><br>စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို ဒုတိယဦးစားပေးအဖြစ် သဘောတူခဲ့ကြသည်။ ပို့ကုန် တင်ပို့မှု တိုးချဲ့ရန်အတွက် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများလိုအပ်သည်။ | |
| | အခြေခံပညာရေးသည် အထက်တန်းပညာရေးထက် ပို၍ အရေးကြီးသည်။<br><br>အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပေးရန် လိုအပ်သည်။<br><br>ဘဏ်လုပ်ငန်း စနစ်အတွင်း အားနည်းမှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး သက်သာသော ချေးငွေများ ရရှိရန်လည်း လိုအပ်သည်။ | |
| လုပ်ငန်းစဉ် | မန္တလေးမှ NGO အများအပြား ဤအစည်းအဝေးများ တက်ရောက်လိုကြမည် ဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် အီးမေးလ်အသုံးမပြုကြချေ။ အစည်းအဝေးကို သက်သောင့် သက်သာ တက်ရောက်နိုင်ရန်အတွက် ၎င်းတို့အား တိုက်ရိုက်ဖိတ်ကြားရန် လိုအပ်မည်။ မန္တလေး NGO များသည် သုံးလတစ်ကြိမ် အစည်းအဝေး ကျင်းပကြသည်။ ထိုအစည်း အဝေးက ယခုညှိနှိုင်းဆွေးနွေးမှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေပေးရန် အသုံးဝင်မည်ဖြစ်သည်။ | |
| | တရားဝင် ဖိတ်ကြားစာ ပို့ပါက ပိုကောင်းမည်ဖြစ်သည်။ | |
| | ကမ္ဘာ့ဘဏ်သည် ဖိတ်ကြားလွှာများ ဖြန့်ဝေရန်အတွက် Local Resource Center ကို အကူအညီတောင်းခံနိုင်ပါသည်။ | |